# မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

# ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်

# အခွန်စည်းကြပ်ခြင်းနှင့်ကောက်ခံခြင်း ဆိုင်ရာ

# နည်းဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၄ |
| ၂ | အခန်း(၂) | ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်အခွန်စည်းကြပ်ကောက်ခံခြင်း | ၄ | - |
| ၃ | အခန်း(၃) | မော်တော်ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်း | ၅ | ၆ |
| ၄ | အခန်း(၄) | ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း | ၆ | ၇ |
| ၅ | အခန်း(၅) | ရေယာဉ်များအပေါ်အခွန် စည်းကြပ်ကောက်ခံခြင်း | ၇ | ၉ |
| ၆ | အခန်း(၆) | အငှားယာဉ်/အနေ့ယာဉ်များအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် အနေ့ယာဉ်များစီမံခန့်ခွဲခြင်း | ၉ | ၁၀ |
| ၇ | အခန်း(၇) | အခွန်၊ အခ၊ အကောက်များကောက်ခံပုံနည်းစနစ် | ၁၀ | ၁၁ |
| ၈ | အခန်း(၈) | အခွန်စည်းကြပ်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းနှင့် အခွန်စည်းကြပ်မှုစာရင်းမှ ပယ်ဖျက်ခြင်း | ၁၁ | - |
| ၉ | အခန်း(၉) | တားမြစ်ချက်များ | ၁၂ | - |
| ၁၀ | အခန်း(၁၀) | အထွေထွေ | ၁၃ | - |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေ

**(မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းဥပဒေအမှတ်၊ ၈)**

**၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၉ နှင့် စည်ပင်သာယာရေး အဖွဲ့များဥပဒေပုဒ်မ ၁၂၈ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် စည်ပင်သာယာရေးအဖွဲ့များဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အဖွဲ့** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ဆိုသည်။

(ခ) **ယာဉ်** ဆိုသည်မှာ မော်တော်ယာဉ်၊ ရေယာဉ်နှင့် အနေ့းယာဉ် အားလုံးပါဝင်သည်။

(ဂ) **အငှားယာဉ်** ဆိုသည်မှာ အခကြေးငွေဖြင့် အငှားလိုက်ပါဆောင်ရွက်သော ယာဉ်အားလုံးကိုဆိုလိုသည်။

(ဃ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ အားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ အသုံးပြု၍ လမ်းပေါ်တွင် မောင်းနှင်သွားလာသည့် သို့မဟုတ် မောင်းနှင်သွားလာနိုင်သည့် ယာဉ်များ ပါဝင်သည်။

(င) **ရေယာဉ်** ဆိုသည်မှာ ရေပေါ်တွင် ရွေ့လျားသွားလာနိုင်သည့် စက်တပ်ရေယာဉ်နှင့် စက်မဲ့ရေယာဉ်များအားလုံးကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်၊

အိုးဖောင် စသည့်ဖောင်တစ်မျိုးမျိုးလည်းပါဝင်သည်။

(စ) **ယာဉ်ရပ်နားစခန်း** ဆိုသည်မှာ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ငယ်များရပ်နားရန် သတ်မှတ်ထားသည့်နေရာ ကုန်တင်ယာဉ်များ သတ်မှတ်အခွန်အခပေးဆောင်၍ တစ်နေရာတည်း၌ ဝင်ရောက်ရပ်နားစုစည်းပြီး ညအိပ်ထားရှိနိုင်စေရန်နှင့် ခရီးသည်များ တစ်နေရာတည်းမှ ဒေသအသီးသီးသို့ လွယ်ကူစွာ မော်တော်ယာဉ်စီးနင်းသွားလာနိုင်စေရန် ဂိတ်ထိုးရပ်နားသည့် ကော်မတီက သတ်မှတ်ပေးထားသောနေရာကိုဆိုသည်။

(ဆ) **ဘီးခွန်** ဆိုသည်မှာ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တစ်ဆက်တည်း ၁၅ ရက်ထက်ကျော်လွန်ထားရှိသည့် ယာဉ်များအပေါ် စည်းကြပ်ကောက်ခံသည့်အခွန်ကိုဆိုသည်။

(ဇ) **ဘီးကောက်** ဆိုသည်မှာ ကော်မတီသို့ ဘီးခွန်ထမ်းဆောင်ခြင်းမရှိသော ယာဉ်များ မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာသည့်အခါ ကောက်ခံသော နေ့စဉ်ကောက်၊ အခကြေးငွေကို ဆိုသည်။

(ဈ) **လမ်း၊ တံတားအသုံးပြုခ** ဆိုသည်မှာ အဖွဲ့ပိုင်လမ်းများနှင့် တံတားများအားရေရှည်တည်တံ့နိုင်စေရေးအတွက် ထိန်းသိမ်းနိုင်ရန် ထိုလမ်းများ၊ တံတားများအပေါ်ဖြတ်သန်းသွားလာသည့် ယာဉ်များ၊ လူနှင့် တိရစ္ဆာန်များအပေါ် ကောက်ခံသည့်လမ်း၊ တံတား ဖြတ်သန်းအသုံးပြုခကို ဆိုသည်။

(ည) **မော်တော်ယာဉ်ညအိပ်ခွန်** ဆိုသည်မှာ မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကော်မတီကသတ်မှတ်ထားသော စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ရပ်နားစခန်းသို့မဟုတ် သတ်မှတ်ထားသည့် လမ်းဘေးနေရာတို့တွင် မော်တော်ယာဉ်ညအိပ်ထားရှိခြင်းအတွက် ကော်မတီက မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေကို ဆိုသည်။

(ဋ) **မော်တော်ယာဉ်ရပ်နားခ** ဆိုသည်မှာ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ထားသော စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ရပ်နားစခန်းတွင် မော်တော်ယာဉ်ရပ်နားထားခြင်းအတွက် ကော်မတီက မော်တော်ယာဉ် အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေကို ဆိုသည်။

(ဌ) **ဝန်မပါအလေးချိန်** ဆိုသည်မှာ မော်တော်ယာဉ်ပေါ်တွင် လူနှင့် ကုန်ပစ္စည်းမပါသည့်မော်တော်ယာဉ်၏ အလေးချိန်ကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ်၌တပ်ဆင်ထားသည့် လောင်စာဆီအပြည့် တိုင်ကီ၊ အရန်ဘီးနှင့် ကိရိယာပစ္စည်းများ၏အလေးချိန်များလည်း ပါဝင်သည်။

(ဍ) **ဝန်ပါအလေးချိန်** ဆိုသည်မှာ မော်တော်ယာဉ်၏ ဝန်မပါအလေးချိန်နှင့် မော်တော်ယာဉ်တွင် လူနှင့် ကုန်ပစ္စည်းများ၏ အလေးချိန်နှစ်ရပ်ပေါင်းကို ဆိုသည်။

(ဎ) **တန်ပို** ဆိုသည်မှာ မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ခွင့်ပြုထားသော ဝန်အလေးချိန်ထက် ပိုမိုတင်ဆောင်ထားသည့် ဝန်အလေးချိန်ကို ဆိုသည်။

(ဏ) **ယာဉ်တန်ပိုကြေး** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်အရ ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ဝန်အလေးချိန် သို့မဟုတ် လမ်းအလိုက်သတ်မှတ်သည့် ဝန်အလေးချိန်ထက်ပို၍ တင်ဆောင်လာသည့် ဝန်အလေးချိန်ပေါ်တွင် ကော်မတီက ဝန်အလေးချိန်အလိုက် သတ်မှတ်ကောက်ခံသည့်ငွေကို ဆိုသည်။

(တ) **ရွှေ့လျားချိန်စက်** ဆိုသည်မှာ နေရာတစ်ခုတည်းတွင် မူသေတပ်ဆင်ချထားခြင်း မပြုဘဲ လမ်းများပေါ်တွင်လွယ်ကူစွာ ရွှေ့ပြောင်းနေရာချပြီး မော်တော်ယာဉ်များကို လွယ်ကူလျင်မြန်စွာ ချိန်တွယ်ပေးနိုင်သည့် ဝန်ချိန်စက်ကို ဆိုသည်။

(ထ) **လူစီးနှင့် ဝန်တင်တိရစ္ဆာန်** ဆိုသည်မှာ လူ သို့မဟုတ် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သော ဆင်၊ မြင်း၊ မြည်း၊ လား၊ ကျွဲ၊ နွား စသည့်တိရစ္ဆာန်ကိုဆိုသည်။

(ဒ) **လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်မှ ကောက်ခံသည့်အခွန်** ဆိုသည်မှာ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တစ်ဆက်တည်း(၁၅)ရက်ထက် ကျော်လွန်ထားရှိသည့် လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ဓ) **လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အကောက်** ဆိုသည်မှာ ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်လာသော လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ အပေါ် ကောက်ခံသည့် တစ်နေ့အတွက် အကောက်ကိုဆိုသည်။

(န) **ဆိပ်ကမ်း** ဆိုသည်မှာ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး ရေယာဉ်များဆိုက်ကပ်နိုင်ရန် စနစ်တကျ စီမံခန့်ခွဲထားရှိသော ဆိပ်ကမ်းကိုဆိုသည်။

(ပ) **ဆိပ်ကမ်းခွန်** ဆိုသည်မှာ ကော်မတီက စီမံခန့်ခွဲထားရှိသော ဆိပ်ကမ်းတွင် နေ့စဉ်နေ့တိုင်း သို့မဟုတ် အမြဲတမ်းဝင်ထွက်သွားလာဆိုက်ကပ်သည့် ရေယာဉ်များအပေါ် စည်းကြပ်ကောက်ခံသည့် အခွန်ကိုဆိုသည်။

(ဖ) **ဆိပ်ကမ်းကောက်** ဆိုသည်မှာ ကော်မတီသို့ဆိပ်ကမ်းခွန် ထမ်းဆောင်ထားခြင်း မရှိသော ရေယာဉ်များ ဆိပ်ကမ်းတွင် ဆိုက်ကပ်သည့်အခါ ကောက်ခံသော နေ့စဉ်ဆိပ်ကမ်းခ ကောက်ခံငွေကိုဆိုသည်။

(ဗ) **ဆိပ်ပုံကောက်** ဆိုသည်မှာ ရေယာဉ်ပေါ်တွင် တင်ရန်ပစ္စည်းများ သို့မဟုတ် ရေယာဉ်

ပေါ်မှချထားသည့် ပစ္စည်းများအား ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဆိပ်ကမ်းနယ်မြေအတွင်း သတ်မှတ်ခွင့်ပြုထားသည့်နေရာ၌ ယာယီစုပုံထားရှိခြင်းအတွက် ကောက်ခံသည့်အခကြေးငွေကို ဆိုသည်။

## အခန်း(၂)

## ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်း

၃။ ကော်မတီသည် ဝန်ကြီးဌာနက ထုတ်ပြန်သည့်စည်းကမ်းချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ အောက်ပါအခွန်၊ အခနှင့်အကောက်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) ဘီးခွန်၊

(ခ) ဘီးကောက်၊

(ဂ) လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်မှ အခွန်၊ အကောက်၊

(ဃ) လမ်း၊ တံတားအသုံးပြုခ၊

(င) မော်တော်ယာဉ်ညအိပ်ခွန်၊

(စ) မော်တော်ယာဉ်ရပ်နားခ၊

(ဆ) ယာဉ်တန်ပိုကြေး၊

(ဇ) ဆိပ်ကမ်းခွန်၊

(ဈ) ဆိပ်ကမ်းကောက်၊

(ည) ဆိပ်ပုံကောက်၊

(ဋ) အနေးယာဉ်လိုင်စင်ခနှင့် အနေးယာဉ်မောင်းလိုင်စင်ခ။

၄။ ကော်မတီသည် ဤနည်းဥပဒေများအရ အခွန်၊ အခနှင့် အကောက်ကောက်ခံရန် သင့်လျော်သည့် ဝန်ထမ်း၊ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅။ ကော်မတီသည် ဤနည်းဥပဒေပါ အခွန်၊ အခနှင့် အကောက်တို့ကို ဌာနဆိုင်ရာလုပ်ငန်းအဖြစ် ကောက်ခံပါက အခွန်ကောက်ခံသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်သည့်ကာလအတွင်း ကောက်ခံပေးသည့် ငွေပေါ်တွင် အခါအားလျော်စွာ သတ်မှတ်သည့်နှုန်းထားဖြင့် ခိုင်ကြေးထုတ်ပေးနိုင်သည်။

## အခန်း (၃)

## မော်တော်ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်း

၆။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ၁၅ ရက်ထက် ကျော်လွန်ထားရှိသော မော်တော်ယာဉ်များအပေါ်မှ ဘီးခွန်၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်မှ အခွန်တို့ကို စည်းကြပ်ကောက်ခံရမည်။

၇။ ကော်မတီသည် ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာသော မော်တော်ယာဉ်များအပေါ် ယာဉ်အမျိုးအစားအလိုက် သတ်မှတ်သည့်အကောက်ကို ကောက်ခံရမည်။ ထို့အတူ ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းသို့ ဝင်ရောက်သည့်လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်သည့် နေ့စဉ်အကောက်များကောက်ခံရမည်။

၈။ ဘီးကောက်၊ တိရစ္ဆာန်များအပေါ်ကောက်ခံသည့် နေ့စဉ်အကောက်ပေးဆောင်သည့်ပြေစာသည် ပေးဆောင်သည့်အချိန်မှ ၂၄ နာရီကျော်လွန်ပါက ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၉။ ကော်မတီသည် မော်တော်ယာဉ် အမျိုးအစားအလိုက်နှင့် တိရစ္ဆာန်အမျိုးအစားအလိုက် နေ့စဉ်ကောက်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်နိုင်သည်။

၁၀။ မြို့နယ်စည်ပင်သာယာဈေးနယ်နိမိတ်အတွင်း မော်တော်ယာဉ်ရပ်နားလိုပါက ကော်မတီက သတ်မှတ်သည့်နေရာနှင့် အချိန်အတွင်း ညအိပ်ရပ်နားခွင့် သို့မဟုတ် ယာယီရပ်နားခွင့်ပြုနိုင်သည်။

၁၁။ ကော်မတီသည် မော်တော်ယာဉ်မှတ်ပုံတင်အရ ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ဝန်အလေးချိန် သို့မဟုတ် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းအလိုက် သတ်မှတ်ထားသည့် ဝန်အလေးချိန်ထက်ပို၍ တင်ဆောင်လာသော မော်တော်ယာဉ်များအပေါ် ယာဉ်တန်ပိုကြေးကောက်ခံရန် နှုန်းများသတ်မှတ်ရန်၊ ပြင်ဆင်သတ်မှတ်ရန် ဝန်ကြီးထံသို့ တင်ပြခွင့်ပြုချက်ရယူ၍ ကောက်ခံနိုင်သည်။

၁၂။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဖွဲ့ပိုင်လမ်း၊ တံတားများရေရှည်တည်တံ့နိုင်စေရေးအတွက် ထိန်းသိမ်းနိုင်ရန် ထိုလမ်းများ၊ တံတားများအပေါ် ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များ၊ ဝန်တင်တိရစ္ဆာန်များအပေါ်မှ လမ်း၊ တံတားများ အသုံးပြုခ ကောက်ခံရန် ဝန်ကြီးထံသို့ တင်ပြခွင့်ပြုချက်ရယူ၍ ကောက်ခံနိုင်သည်။

၁၃။ ကော်မတီသည် ဘီးခွန်၊ ဘီးကောက်၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်မှ အခွန်အကောက်နှင့် ယာဉ်တန်ပိုကြေး၊ လမ်း၊ တံတားအသုံးပြုခကောက်ခံခြင်းတို့ကို အဖွဲ့ပိုင် အခွင့်အရေး

လိုင်စင်များအဖြစ် သတ်မှတ်၍ တင်ဒါ သို့မဟုတ် လေလံတင် ရောင်းချဆောင်ရွက်နိုင်သည်။

၁၄။ ကော်မတီသည် ဘီးခွန်၊ ဘီးကောက်၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ်မှ အခွန်အကောက်ယာဉ်တန်ပိုကြေးနှင့် လမ်း၊ တံတားအသုံးပြုခကောက်ခံရန် ခွင့်ပြုချက်ကို ပယ်ဖျက်ပါက ကျန်ရှိသည့်ကာလအတွက် ယင်းအခွန်၊ အခ၊ အကောက်ကောက်ခံခြင်းကို ဝန်ကြီး၏ ခွင့်ပြုချက်ကိုရယူ၍ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သော နည်းဖြင့်ဖြစ်စေ ပြန်လည်ရောင်းချနိုင်သည်။ ယင်းသို့ရောင်းချရာတွင် မူလရောင်းချသည့် ငွေပမာဏကို ပြည့်မီခြင်းမရှိလျှင် လျော့နည်းသည့်ငွေကို မူလခွင့်ပြုချက် ပယ်ဖျက်ခံရသူထံမှ ကောက်ခံရမည်။

၁၅။ ကော်မတီသည် ယာဉ်တန်ပိုကြေး သတ်မှတ်ရာတွင် ပိုမိုတင်ဆောင်သည့် တန်ပိုပမာဏအပေါ် အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ကောက်ခံနိုင်သည် -

(က) တန်ပိုပမာဏသည် မော်တော်ယာဉ်မှတ်ပုံတင်အရ ခွင့်ပြုဝန်အလေးချိန်၏ တစ်ဆထိ တန်ပိုအား သာမန်တန်ပိုအဖြစ် နှုန်းထားရိုးရိုးဖြင့် ကောက်ခံနိုင်သည်။

(ခ) တန်ပိုပမာဏသည် မော်တော်ယာဉ်မှတ်ပုံတင်အရ ခွင့်ပြုဝန် အလေးချိန်၏ တစ်ဆထက် ပိုမိုသည့်တန်ပိုပမာဏအား လွန်ကဲတန်ပိုအထိ သာမန်တန်ပိုကြေးအပြင် သီးခြားနှုန်းဖြင့် ကောက်ခံနိုင်သည်။

၁၆။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းများပေါ်တွင် သွားလာနေသော မော်တော်ယာဉ်များအပေါ် ယာဉ်တန်ပိုကြေးကောက်ခံခြင်းကို ရွေ့လျားချိန်စက်အသုံးပြုပြီး ကောက်ခံနိုင်သည်။

## အခန်း(၄)

## ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း

၁၇။ ကော်မတီသည် မြို့များသန့်ရှင်းသပ်ရပ်ပြီး စနစ်တကျသာယာလှပသည့် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မော်တော်ယာဉ်အမျိုးအစားအလိုက် ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်း၊ လှည်းစခန်းများဖွင့်လှစ်ပြီး ယင်းစခန်းတို့အတွက် စည်းကမ်းချက်များ ရေးဆွဲဆောင်ရွက်နိုင်သည်။

၁၈။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ်များ၊ ညအိပ်ရပ်နားမည့်နေရာကို သတ်မှတ်ခွင့်ပြုနိုင်သည်။

၁၉။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းပိတ်ဆို့မှုများမဖြစ်စေရန်နှင့် ယာဉ်ထိခိုက်မှု အန္တရာယ်ကာကွယ်တားဆီးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင်နောက်တွဲယာဉ်များ၊ ထွန်စက်နောက်တွဲယာဉ်များ၊ ထော်လာဂျီများ၊ ကျွဲ/နွား/ မြင်းလှည်း၊ အနှေးယာဉ်မဝင်ရလမ်းနှင့် ဝင်ခွင့်ပြုလမ်းများ သတ်မှတ်ခြင်း။

(ခ) ယာဉ်ရပ်နားစခန်းများကို လိုအပ်သလို တည်ဆောက်ဖွင့်လှစ်ခြင်း။

(ဂ) ခရီးသည်တင်ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန် နေရာ သို့မဟုတ် မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန် နေရာသတ်မှတ်ခြင်း။

(ဃ) ကျွဲ၊ နွားလှည်းရပ်နားရန်နေရာ၊ မြင်းလှည်းရပ်နားရန်နေရာ၊ ဆိုက်ကားယာဉ်ရပ်နားရန်နေရာ၊ စက်ဘီးဆိုင်ကယ်၊ အငှားယာဉ်များရပ်နားရန်နေရာ၊ လက်တွန်းလှည်းထားရှိရန် နေရာတို့ကို သတ်မှတ်ခြင်း။

## အခန်း(၅)

## ရေယာဉ်များအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်း

၂၀။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြစ်များ၊ ချောင်းများ၊ အင်းအိုင်များနှင့် ရေကန်များတွင် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ ထိန်းသိမ်းထားသော ဆိပ်ကမ်းများ မဟုတ်သည့် ဒေသတွင်ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန် ဆိပ်ကမ်းများကို သတ်မှတ်နိုင်သည်။

၂၁။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြစ်များ၊ ချောင်းများ၊ အင်းအိုင်များနှင့် ကန်များ၌ အခြားဝန်ကြီးဌာနများ၊ လက်အောက်ခံဦးစီးဌာနများ၊ အဖွဲ့အစည်းများပိုင် ရေယာဉ်များ သီးခြားဆိုက်ကပ်ရန် ဆိပ်ကမ်းများထားရှိလိုက စိစစ်၍ သီးခြားဆိပ်ကမ်းအဖြစ် သတ်မှတ်ခွင့်ပြုနိုင်သည်။

၂၂။ ကော်မတီသည် နည်းဥပဒေ ၂၀ အရ သတ်မှတ်သည့် ဆိပ်ကမ်းများ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းများကို မိမိရန်ပုံငွေဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သည့် နည်းဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

၂၃။ ကော်မတီသည် နည်းဥပဒေ ၂၁ အရ သတ်မှတ်သည့် သီးခြားဆိပ်ကမ်းများ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းများအတွက် တာဝန်မရှိစေရ။ သို့သော် သီးခြားဆိပ်ကမ်းများနှင့်စပ်လျဉ်း၍ အများပြည်သူဘေးအန္တရာယ်ဖြစ်နိုင်သည့် အခြေအနေရှိပါက ပြင်ဆင်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီး ဌာန၊ လက်အောက်ခံအဖွဲ့အစည်းများသို့ ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၄။ ကော်မတီသည် -

(က) အဖွဲ့ပိုင် ဆိပ်ကမ်းများအသုံးပြုမှုအပေါ် ဆိပ်ကမ်းခွန်၊ ဆိပ်ကမ်းကောက်နှင့် တံတားအသုံးပြုခများကို စည်းကြပ်ကောက်ခံနိုင်သည်။

(ခ) အဖွဲ့ပိုင် လမ်းဧရိယာနယ်နိမိတ်အတွင်းဖြစ်စေ၊ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဆိပ်ကမ်းနယ်မြေအတွင်းဖြစ်စေ ကုန်ပစ္စည်းများကို သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့် အညီ စနစ်တကျစုံပုံထားခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ)အရ ကုန်ပစ္စည်းများစုံပုံထားခွင့်အပေါ် ကော်မတီကသတ်မှတ်သည့် ဆိပ်ပုံကောက်ကို စည်းကြပ်ကောက်ခံနိုင်သည်။

၂၅။ ကော်မတီသည် နည်းဥပဒေ ၂၁ အရ သတ်မှတ်သည့် သီးခြားဆိပ်ကမ်းအပေါ် အသုံးပြုသည့် ဆိပ်ကမ်းနယ်မြေအကျယ်အဝန်းနှင့် တစ်နှစ်အတွင်း ဝင်ရောက်ဆိုက်ကပ်သည့် ရေယာဉ် အရေအတွက်အပေါ်အခြေခံ၍ ကော်မတီက သတ်မှတ်သည့် ဆိပ်ကမ်းခွန်ကို စည်းကြပ်ကောက်ခံနိုင်သည်။ အကယ်၍ လိုအပ်ပါက အခွန်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၆။ ကော်မတီသည် -

(က) နည်းဥပဒေ ၂၀ အရ သတ်မှတ်သည့် အဖွဲ့ပိုင်ဆိပ်ကမ်းများတွင် တစ်ဆက်တည်း ၁၅ ရက်ထက် ကျော်လွန်ရပ်နားထားသည့် ရေယာဉ်များကိုဖြစ်စေ၊ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ထားရှိသည့် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းကပိုင်ဆိုင်သည့် ရေယာဉ်များကို ဖြစ်စေ၊ ကော်မတီက သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီ ရေယာဉ်အမျိုးအစားအလိုက် နေ့စဉ် ဆိပ်ကမ်းခွန်စည်းကြပ်ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆိပ်ကမ်းခွန်ထမ်းဆောင်ခြင်းမရှိသော ရေယာဉ်များအပေါ် ကော်မတီက သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရေယာဉ်အမျိုးအစား အလိုက် နေ့စဉ်ဆိပ်ကမ်းကောက်စည်းကြပ်ကောက်ခံရမည်။

၂၇။ ကော်မတီသည် ဆိပ်ကမ်းကောက် ကောက်ခံရသော ရေယာဉ်၏ ပိုင်ရှင်က ဆိပ်ကမ်းခွန်အဖြစ် ပြောင်းလဲစည်းကြပ်ကောက်ခံပေးရန် လျှောက်ထားလာလျှင် ကော်မတီကသတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုအပ်သလို စိစစ်၍ ဆိပ်ကမ်းခွန်အဖြစ် ပြောင်းလဲကောက်ခံနိုင်သည်။

၂၈။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆိပ်ကမ်းခွန်၊ ဆိပ်ကမ်းကောက်၊ ဆိပ်ပုံကောက် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ လုပ်ငန်းများကို ဌာနဆိုင်ရာ အဖွဲ့အစည်းလုပ်ငန်းအဖြစ်ဖြစ်စေ၊ တင်ဒါသို့မဟုတ် လေလံစနစ်ဖြင့် ချထားသည့် အခွင့်အရေးလိုင်စင်အဖြစ်ဖြစ်စေ၊ အခြားသင့်လျော်သည့်နည်းဖြင့် ဖြစ်စေ၊ နယ်မြေသတ်မှတ်၍ လည်းကောင်း၊ အချိန်ကာလသတ်မှတ်၍လည်းကောင်း၊ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၉။ ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသည့် စည်ပင်သာယာရေးဝန်ထမ်း သို့မဟုတ် ခွင့်ပြုချက်ရရှိသူသည် ဆိပ်ကမ်းခွန်၊ ဆိပ်ကမ်းကောက်၊ ဆိပ်ပုံကောက် စည်းကြပ်ကောက်ခံရာ၌ အခကြေးငွေ ရရှိလျှင် ကော်မတီက သတ်မှတ်သည့် ပြေစာကို ထုတ်ပေးရမည်။

၃၀။ ကော်မတီသည် မိမိသတ်မှတ်ထားသော ဆိပ်ကမ်းများနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဆိပ်ကမ်းများတွင် အများပြည်သူအကျိုးငှာ ဈေးရောင်းချရန်အတွက်ဖြစ်စေ၊ ကုန်ပစ္စည်းသိုလှောင် ထားရှိရန်အတွက်ဖြစ်စေ၊ အခြားကိစ္စရပ်အသုံးပြုရန်အတွက်ဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်ခွင့်ကို စည်းကမ်းချက်များ သတ်မှတ်ပြီး ယာယီသို့မဟုတ် အမြဲတမ်းခွင့်ပြုနိုင်သည်။

၃၁။ ကော်မတီသည် နည်းဥပဒေ ၃၀ အရ ဆောက်လုပ်ခွင့်ပြုထားသည့် အဆောက်အအုံများနှင့် စပ်လျဉ်း၍သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းစေခြင်းနှင့် ကြီးကြပ်စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၃၂။ ကော်မတီသည် ဥပဒေ၊ ဤနည်းဥပဒေများနှင့်အညီ ထုတ်ပေးထားသည့် ခွင့်ပြုချက်ရရှိသူအား ကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အာမခံတင်သွင်းထားငွေကို သိမ်းယူခြင်း၊

(ဂ) ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၃၃။ ကော်မတီသည် ဆိပ်ကမ်းခွန်၊ ဆိပ်ကမ်းကောက်၊ ဆိပ်ပုံကောက်စည်းကြပ်ကောက်ခံရန် ခွင့်ပြုချက်ကို ပယ်ဖျက်ပါက ကျန်ရှိသည့်ကာလအတွက် ဆိပ်ကမ်းခွန်၊ ဆိပ်ကမ်းကောက်၊ ဆိပ်ပုံကောက်စည်းကြပ်ကောက်ခံခြင်းကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ ပြန်လည်ချထားနိုင်သည်။ ယင်းသို့ ထပ်မံရောင်းချရာတွင် မူလရောင်းချသည့် ငွေပမာဏကို ပြည့်မီခြင်းမရှိလျှင် လျော့နည်းသည့်ငွေကို မူလခွင့်ပြုချက် ပယ်ဖျက်ခြင်းခံရသူထံမှ ကောက်ခံနိုင်သည်။

## အခန်း(၆)

## အငှားယာဉ်/အနေးယာဉ်များအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် အနေးယာဉ်များစီမံခန့်ခွဲခြင်း

၃၄။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အငှားယာဉ်၊ အနေးယာဉ်များအပေါ် အခွန်အခများ စည်းကြပ်ကောက်ခံရန်နှင့် ယာဉ်များထားရှိခြင်း ပြေးဆွဲခြင်းများကို စီမံခန့်ခွဲနိုင်ရန် အောက်ပါယာဉ်အမျိုးအစားအလိုက် စည်းကမ်းများရေးဆွဲတင်ပြရမည် -

(က) ဆိုက်ကားယာဉ်များ၊ အငှားယာဉ်များကြီးကြပ်စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းချက်များ၊

(ခ) မြင်းလှည်းယာဉ်များ ကြီးကြပ်စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းချက်များ၊

(ဂ) ကျွဲ၊ နွားလှည်းများကြီးကြပ်စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းချက်များ၊

(ဃ) လက်တွန်းလှည်း၊ ဈေးလှည်းများကြီးကြပ်စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းချက်များ၊

၃၅။ အငှားယာဉ်၊ အနေ့ယာဉ်များကြီးကြပ်စီမံခန့်ခွဲရန် စည်းကမ်းများရေးဆွဲရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ဆောင်ရွက်နိုင်ရန် စက်ဘီးများ၊ ဆိုင်ကယ်များ ရပ်တန့်ထားရှိမှုတို့အတွက် လိုအပ်သည့်စည်းကမ်းများကို ထည့်သွင်းရေးဆွဲ သတ်မှတ်နိုင်သည်။

၃၆။ အနေ့ယာဉ်စည်းကမ်းများ ရေးဆွဲရာတွင် အောက်ပါအချက်များပါဝင်စေရမည် -

(က) အငှားယာဉ်၊ အနေ့ယာဉ်လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ခ) အငှားယာဉ်၊ အနေ့ယာဉ်မောင်းသူ လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အငှားယာဉ်၊ အနေ့ယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) အငှားယာဉ်၊ အနေ့ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အငှားယာဉ်၊ အနေ့ယာဉ်များ၏ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေး၊ ဆေးရောင်များသတ်မှတ်ခြင်း၊

(စ) အငှားယာဉ်၊ အနေ့ယာဉ်မောင်းသူများ၏ အသက်၊ အရွယ်၊ ကျန်းမာသန့်ရှင်းရေး၊ ကူးစက်ရောဂါကင်းရှင်းရေးနှင့် အခြားလိုအပ်သည့် အရည်အချင်းများအတွက် သတ်မှတ်ခြင်း၊

(ဆ) အငှားယာဉ်၊ အနေ့ယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) အငှားယာဉ်၊ အနေ့ယာဉ်မောင်းသူများအား စစ်ဆေးကြီးကြပ်ခြင်း၊

(ဈ) အငှားယာဉ်၊ အနေ့ယာဉ်စီးနင်းခ၊ အသုံးပြုခများ သတ်မှတ်ပေးခြင်း။

၃၇။ ဝန်ကြီးဌာနသည် ကော်မတီက ရေးဆွဲတင်ပြလာသည့် အနေ့ယာဉ်စည်းကမ်းများကို စိစစ်အတည်ပြု၍ ထုတ်ပြန်ကြေညာပေးရမည်။

## အခန်း(၇)

## အခွန်၊ အခ၊ အကောက်များကောက်ခံပုံနည်းစနစ်

၃၈။ ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့များဥပဒေနှင့် ဤနည်းဥပဒေအရ ခွင့်ပြုသည့်အခွန်၊ အခ၊ အကောက်နှင့် အခြားအခွန်များကို ကောက်ခံခွင့်ရှိသည်။ အဆိုပါအခွန်များကို ကောက်ခံရာတွင်

ကောက်ခံသည့်နှုန်းထားများကို အများပြည်သူမြင်သာအောင် ရေးသား၍ ချိတ်ဆွဲထားရမည့်အပြင် ငွေကောက်ခံရယူသည့်အချိန်တွင် အခွန်ထမ်းသို့ ပြေစာကိုပေးရမည်။ ပြေစာတွင် ကောက်ခံသည့် ငွေပမာဏနှင့် ကောက်ခံသူ၏အမည်ကိုလည်း ဖော်ပြထားရမည်။

ဥပမာ။ လိုင်စင်စီအေသည် ပျော်ဘွယ်မြို့မှ မိတ္ထီလာမြို့သို့ ဝင်လာသော မော်တော်ယာဉ်များအား မြို့ဝင်ကြေးဘီးကောက် ကောက်ခံခွင့်လိုင်စင်ရရှိ၍ လုပ်ငန်းလုပ်ကိုင်ရာတွင် ယာဉ်အမျိုးအစားအလိုက် မြို့ဝင်ကြေးဘီးကောက်နှုန်းထားများ ရေးသားသည့်ဆိုင်းဘုတ်ကို အများပြည်သူ မြင်နိုင်အောင် ချိတ်ဆွဲထားရှိရမည့်အပြင် ငွေကောက်ခံသည့်ပြေစာတွင်လည်း ကောက်ခံသည့် ငွေပမာဏကိုဖော်ပြလျက် ငွေလက်ခံရယူစဉ်ယင်းပြေစာကို ငွေပေးဆောင်သူထံသို့ ပေးအပ်ရမည်။

## အခန်း(၈)

## အခွန်စည်းကြပ်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းနှင့် အခွန်စည်းကြပ်မှုစာရင်းမှ ပယ်ဖျက်ခြင်း

၃၉။ ကော်မတီသည် အောက်ဖော်ပြပါယာဉ်များ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် အခွန်၊ အကောက်၊ အခများစည်းကြပ်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည် -

(က) တပ်မတော်ဆိုင်ရာယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊

(ခ) မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနပိုင်ယာဉ်များ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင်ယာဉ်များ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊

(ဃ) မီးသတ်ဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကပိုင်ဆိုင်သည့် မီးသတ်ယာဉ်များ၊

(င) စီးပွားဖြစ်အခကြေးငွေယူ၍ ဆောင်ရွက်နေသော ဆေးရုံ၊ ဆေးခန်းပိုင် လူနာတင်ယာဉ်များမှအပ အခြားလူနာတင်ယာဉ်များ၊

(စ) စီးပွားဖြစ်အခကြေးငွေယူ၍ ပြေးဆွဲနေသည့် နိဗ္ဗာန်ယာဉ်များမှအပ အခြားနိဗ္ဗာန်ယာဉ်များ။

၄၀။ ကော်မတီသည် ခိုင်လုံသောအကြောင်းရှိပါက ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်၌ လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်ရပ်အပေါ်၌လည်းကောင်း၊ ယာဉ်တစ်မျိုးမျိုးအပေါ်၌လည်းကောင်း၊ စည်းကြပ်သော အခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း(၉)

## တားမြစ်ချက်များ

၄၁။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ခြင်း၊ မော်တော်ယာဉ်ရပ်နားခ၊ မော်တော်ယာဉ်စောင့်ရှောက်ခ ကောက်ခံခြင်းမပြုရ။

၄၂။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ထားသည့် နေရာနှင့် လမ်းမှအပ အဖွဲ့ပိုင်လမ်းများနှင့် မြေများပေါ်တွင် ယာဉ်များကို ညအိပ်ရပ်နားခြင်း သို့မဟုတ် ဝင်ရောက်ခြင်းမပြုရ။

၄၃။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မိမိပိုင်မြေ သို့မဟုတ် အဆောက်အအုံကို အခကြေးငွေယူ၍သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ပိုင်ခွင့်ပေး၍သော်လည်းကောင်း၊ ခရီးသည်များတင်ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ် ရောင်းရန်နေရာ သို့မဟုတ် မော်တော်ယာဉ်များဝင်ထွက်ရပ်နား ဂိတ်ထိုးရန်နေရာအဖြစ် မပြုလုပ်ရ။

၄၄။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အဖွဲ့ပိုင် လမ်း၊ လမ်းမြေ သို့မဟုတ် လူသွားစင်္ကြံတို့တွင် အငှားယာဉ်၊ အနေးယာဉ်ရပ်နားရန် နေရာ အဖြစ်သော်လည်းကောင်း၊ ခရီးသည်များ တင်ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန် နေရာအဖြစ်သော်လည်းကောင်း၊ မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန် နေရာအဖြစ် သော်လည်းကောင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှအပ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ရေယာဉ်များဆိုက်ကပ်ရန် ဆိပ်ကမ်းများဖွင့်လှစ်ခြင်း၊ ဆိပ်ကမ်းခွန်၊ ဆိပ်ကမ်း ကောက် ကောက်ခံခြင်းမပြုလုပ်ရ။

၄၆။ မည်သူမျှ ကော်မတီကထုတ်ပေးသော လိုင်စင်မရှိဘဲ အငှားယာဉ်၊ အနေးယာဉ် တည်ထောင် ခြင်း မပြုလုပ်ရ။

၄၇။ မည်သူမျှ ကော်မတီကထုတ်ပေးသော လိုင်စင်မရှိဘဲ အငှားယာဉ်အနေးယာဉ်မောင်းနှင်ခြင်း မပြုလုပ်ရ။

၄၈။ မည်သူမျှမြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းကော်မတီက အငှားယာဉ်၊ အနေးယာဉ် မဝင်ရ၊ သတ်မှတ်ထားသည့် နယ်မြေများ၊ လမ်းများနှင့် အချိန်တို့တွင် အငှားယာဉ်၊ အနေးယာဉ်ကို နင်းခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း သို့မဟုတ် မောင်းနှင်ခြင်းမပြုလုပ်ရ။

**အခန်း(၁၀)**

**အထွေထွေ**

၄၉။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်နိုင်သည်။

၅၀။ ဝန်ကြီးသည် ဤနည်းဥပဒေများပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

အမိန့်အရ

**(အောင်မောင်း)**

**ဝန်ကြီး**

**စည်ပင်သာယာရေးဝန်ကြီးဌာန**